## ရွှေပန်းထိမ်သည်သား ဝတ္ထု

ဘုရားလက်ထက်တော်၌ ရွှေပန်းထိမ်သည်၏သားကလေး တယောက်သည် မိဘနှင့်စိတ်ဆိုး၍ ကျောင်းသို့ ထွက်ပြေးကာ ရှင်သာမဏေ ပြုနေ၏၊ မိဘတို့သည် ကျောင်းတိုက်သို့ လာ၍ ကလေး၏ ပုံသဏ္ဌာန်ကို ပြောပြပြီးလျှင် "သည်လို ပုံသဏ္ဌာန် ရှိသော ကလေးတယောက်ကို မမြင်ကြပါဘူးလားဘုရား"ဟု လိုက်၍ မေးကြလေသည်၊ ရဟန်းတော်များကလည်း အမှန်ပင် မမြင်သောကြောင့် "မမြင်ဘူး"ဟု ပြောလိုက်ကြလေသည်။

ထို့နောက် လိုက်၍ရှာသော မိဘတို့သည် ရှင်သာမဏေ ဖြစ်နေသည်ကိုတွေ့ရသောအခါ "ကိုယ်တော်တွေလိမ်တယ်"ဟု ကဲ့ရဲ့ကြလေသည်၊ ထိုဝတ္ထုကို အကြောင်းပြု၍ ဆံချခါနီး၌ ဆံချမည့်အကြောင်းကို (သို့မဟုတ် ရှင်ပြုမည့်အကြောင်းကို) သံဃာများထံ ခွင့်ပန် လျှောက်ထားဘို့ရာ ဘုရားရှင် ပညတ်တော်မူလေသည်။ [ဝိနည်းမဟာဝါ, မဟာခန္ဓက, ကမ္မာရဘဏ္ဍု ဝတ္ထု။]

ထိုသို့ ခွင့်ပန်ရာ၌—

(၁) ရဟန်းသံဃာ နည်းပါးသောကျောင်းဖြစ်လျှင် ထိုရဟန်းတော်များ နေရာအသီးအသီးသို့ (ရဟန်းတပါးပါး ဖြစ်စေ, သာမဏေတပါးပါးဖြစ်စေ) ရှင်လောင်းကို ခေါ်သွား၍ "ဤကလေးကို ဆံချမလို့ပါ"ဟု ဖြစ်စေ, "ဤကလေးကို ရှင်သာမဏေ ဝတ်ပေးမလို့ပါ"ဟု ဖြစ်စေ လျှောက်ထားရသည်။